ထိုင်ဂမ်နိုင်ငံသားနှင့်လက်ထပ်သောနိုင်ငံခြားသားအိမ်ထောင်ဖက်မူလနိုင်ငံစွန့်၍ထိုင်ဝမ်နိုင်ငံသားအဖြစ်လျှောက်ထားခြင်းနှင့် အိမ်ထောင်စုစာရင်းသွင်းယူခြင်းလုပ်ထုံးပြဇယား

緬甸文
မြန်မာစာ
ပြည်ထဲရေးဝန်ကြီးဌာန၁၀လ၂၀၁၇ခုနှစ်ပြုပြင်သတ်မှတ်

လျှောက်ထားပုံအဆင့်ဆင့်	လျှောက်ထားရန်ဌာန	လိုအပ်သောစာရွက်စာတမ်းများမှာ-
လက်ထပ်စာချုပ်နှင့် လက်ထပ်မှတ်ပုံတင်ခြင်း	အိမ်ထောင်စုမှတ်ပုံတင် စာရင်းဌာန	1.ပြည်တွင်း၌လက်ထပ်သူ(၁)လက်ထပ်စာချုပ်(၂)နိုင်ငံခြားသားအိမ်ထောင်ဖက်၏အမျိုးသားမှတ်ပုံတင်နှင့်ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံးမှစစ်ဆေးပြီးသော လက်ထပ်စာချုပ်နှင့်တရုတ်ဘာသာပြန်ပြီးစာရွက်(ရှေ့နေလူကြီးထံမှတရားဝင်ထောက်ခံမှုဖြင့်တရုတ်ဘာသာပြန်ခြင်းနှင့်တရုတ်နာမည်အဆိုပြုထုတ်ပြန်စာ)(၃)အိမ်ထောင်စုစာရင်း(၄)ထိုင်ဝမ်နိုင်ငံသားမှတ်ပုံတင်နှင့်တံဆိပ်တုံး 2.ပြည်ပ၌လက်ထပ်သူ(၁)ပြည်ပရှိထိုင်ဝမ်ရုံးမှစစ်ဆေးပြီးသောလက်ထပ်စာချုပ်နှင့်တရုတ်ဘာသာပြန်ပြီးစာရွက်(၂)အိမ်ထောင်စုစာရင်း(၃)ထိုင်ဝမ်နိုင်ငံသားမှတ်ပုံတင်နှင့်တံဆိပ်တုံး(၄)နိုင်ငံခြားသားအိမ်ထောင်ဖက်၏အမျိုးသားမှတ်ပုံတင်(၅)အကယ်၍နိုင်ငံခြားသားအိမ်ထောင်ဖက်သည်ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်နှင့်အတူထိုင်ဝမ်နိုင်ငံသို့တစ်ပါတည်းလိုက်ပါမှတ်ပုံတင်ခြင်းမပြုနိုင်လျှင်ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံးမှစစ်ဆေးပြီးသောထိုနိုင်ငံခြားသားအိမ်ထောင်ဖက်၏တရုတ်အမည်မှည့်ကြေညာလွှာကိုပူးတွဲတင်သွင်းရန်။ *ထိုင်ဝမ်နိုင်ငံသားနှင့်နိုင်ငံခြားရုံးမှအထူးကြေညာသတ်မှတ်ထားသောနိုင်ငံမှနိုင်ငံသားနှင့်လက်ထပ်ပါကပထမဦးဆုံးနိုင်ငံခြားသားအိမ်ထောင်ဖက်၏နိုင်ငံတွင်လက်ထပ်မှတ်ပုံတင်ရမည်။ထို့နောက်လက်ထပ်စာချုပ်ကိုတရုတ်ဘာသာပြန်ဆို၍ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံးတွင်လူတွေ့အစစ်ဆေးခံလျှောက်ထားရန်။ထိုလူတွေ့စစ်ဆေးမှုအောင်မြင်ပြီးနောက်၄င်းရုံး၏ထောက်ခံချက်နှင့်ပြည်ပ၌လက်ထပ်ထိမ်းမြားသူ၏ပတ်သတ်သောသက်သေခံစာရွက်စာတမ်းများဖြင့်လက်ထပ်မှတ်ပုံတင်ဆက်လက်လျှောက်ထားရန်။
နေထိုင်ခွင့်ဗီဇာ လျှောက်ထားခြင်း	-လျှောက်ထားသူသည်ပြည်ပတွင်ရှိပြည်ပရှိထိုင်ဂမ်နိုင်ငံရုံးသို့နေထိုင်ခွင့်ဗီဇာကိုတိုင်ရိုက်လျှောက်ထားနိုင်ပါသည်။ -အကယ်၍လျှောက်ထားသူသည်မှီခိုသောအကြောင်းအရာနှင့်ရပ်နားခွင့်ဗီဇာဖြင့်ထိုင်ဝမ်နိုင်ငံသို့ဂင်ရောက်ပြီးဖြစ်ပါကနိုင်ငံခြားရေးရာဌာနသို့သွားရောက်ပြီးနေထိုင်ခွင့်ဗီဇာအဖြစ်ပြောင်းလဲထုတ်ပေးရန်လျှောက်ထားနိုင်ပါသည်။ "ရပ်နားခွင့်ရက်ပေါင်း၆၀အထက်၊သက်တမ်းတိုးမြှင့်နေထိုင်ခွင့်မရှိ""နေထိုင်ခွင့်ဗီဇာပြောင်းလဲခွင့်မရှိ" စသောမှတ်ချက်များမပါရှိသောဗီဇာဖြင့်ဝင်ရောက်သူသည်အိမ်ထောင်ဖက်မှီခိုနေထိုင်ခွင့်ဥပဒေနှင့်ကိုက်ညီလျှင်ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဌာနလက်အောက်ရှိရုံးခွဲများတွင်နိုင်ငံခြားသားနေထိုင်ခွင့်ကိုတိုင်ရိုက်လျှောက်ထားနိုင်ပါသည်။နိုင်ငံခြားရုံးနှင့်သက်ဆိုင်သောရုံးခွဲများတွင်လျှောကထားရန်မလိုအပ်ပါ။	1.ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်၏(၃)လအတွင်းထုတ်ယူထားသောအိမ်ထောင်စုစာရင်းမိတ္တူမှန်(ထိမ်းမြားလက်ထပ်ကြောင်းမှတ်ပုံတင်ရှိပြီးပါကနိုင်ငံခြားသားအိမ်ထောင်ဖက်၏မည့်သည့်နိုင်ငံသားဖြစ်ကြောင်း၊နဂိုလအမည်နှင့်မွေးသက္ကရာဇ်တို့ကိုရှင်းလင်းစွာဖော်ပြပါရှိရပါမည်။ 2.လျှောက်ထားသူနိုင်ငံခြားသားအိမ်ထောင်ဖက်၏သက်ဆိုင်ရာနိုင်ငံအစိုးရအသိအမှတ်ပြုလက်ထပ်မှတ်ပုံတင်(လက်ထပ်မှတ်ပုံတင်မရှိလျှင် လက်ထပ်စာချုပ်ပေးရန်)။ 3. လျှောက်ထားသူနိုင်ငံခြားသားအိမ်ထောင်ဖက်၏သက်ဆိုင်ရာနိုင်ငံအစိုးရအသိအမှတ်ပြုပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ(ထုတ်ပေးသည့်ရက်မှသက်တမ်းတစ်နှစ်အတွင်း) 4. လျှောက်ထားသူနိုင်ငံခြားသားအိမ်ထောင်ဖက်၏သုံးလအတွင်းစစ်ဆေးမှုပြုလုပ်ထားသောကျန်းမာရေးဆေးစစ်မှတ်တမ်းထောက်ခံစာ။ 5.ပတ်စ်ပို့(သက်တမ်းခြောက်လနှင့်ရှိရပါမည်)။ 6.လတ်တလောခြောက်လအတွင်းရိုက်ယူထားသောနှစ်လက်မပတ်လည်ဓာတ်ပုံ(၂)ပုံ 7.နေထိုင်ခွင့်ဗီဇာကျသင့်သောအခကျေးငွေကိုနိုင်ငံခြားရေးဝန်ကြီးဌာန၏ဝတ်ဆိုက်တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။အမေရိကားပတ်စ်ပို့ကိုင်ဆောင်ထားသူလည်းပင်ထိုက်သင့်သောအခကြေးငွေဖြင့်ပြဆောင်ရမည်။ [အမှတ်စဉ်(၂)မှ(၄)အထိလိုအပ်သောစာရွက်စာတမ်းများကိုပြည်ပ၌ဆောင်ရွက်လျှောက်ထားမှုပြုလုပ်မည်ဆိုပါကပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံး၏စစ်ဆေးမှုကိုခံယူရမည့်အပြင်တရုတ်လို(သို့)အင်္ဂလိပ်လိုဘာသာပြန်ဆောင်ထားမှုပြုထားရပါမည်။]ပြည်ဝင်ခွင့်ဗီဇာဖြင့်ထိုင်ဝမ်သို့ဝင်ရောက်ထားသူသည်ပြည်ဝင်ခွင့်ဗီဇာသတ်မှတ်ကာလထက်ကျော်လွန်နေပါကပြည်ပသို့ချက်ချင်းထွက်ခွာပေးရမည်။နေထိုင်ခွင့်ဗီဇာလျှောက်ခွင့်မရှိပေ။
နိုင်ငံခြားသားနေထိုင်ခွင့် လျှောက်ထားခြင်း	ပြည်ထဲရေးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တိုင်းနှင့်ခရိုင်အကျိုးဆောင်ရုံးခွဲအသီးသီး	1.နေထိုင်ခွင့်ဗီဇာဖြင့်ထိုင်ဝမ်သို့ဝင်ရောက်သူ၁။နိုင်ငံခြားသားနေထိုင်ခွင့်လျှောက်ထားခြင်းလျှောက်လွှာပုံစံတွင်ရေးသားဖြည့်စွက်ပြီးလက်ရှိတစ်နှစ်အတွင်းရိုက်ကူးထားသောရှေ့တည့်တည့်ဦးထုပ်မပါကိုယ်တစ်ပိုင်းရောင်စုံဓာတ်ပုံ(၁)ပုံပေးရပါမည်။(ဓာတ်ပုံအမျိုးအသားသတ်မှတ်ချက်အတွက်http://www.ris.gov.tw တွင်ဝင်ရောက်ဖတ်ရှုရန်၂။ပတ်စ်ပို့နှင့်ပြည်ဝင်ခွင့်ဗီဇာမူရင်းနှင့်မိတ္တူကိုပေးဆောင်ရပါမည်။(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးသည့်အခါပြန်လည်ပေးအပ်ရပ်မည်)၃။နေထိုင်ခွင့်ဗီဇာလျှောက်ထားခြင်းအတွက်-ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်မှလက်ထပ်မှတ်ပုံတင်မှုကိစ္စလုပ်ဆောင်မှုပြီးမှရယူထားသောအိမ်ထောင်စုစာရင်း(သို့)အမျိုးသားမှတ်ပုံတင်(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးစီးသည့်အခါပြန်လည်ပေးအပ်ပါမည်)၄။နေရပ်လိပ်စာအထောက်အထား၅။လျှောက်လွှာခ(နေထိုင်ခွင့်တစ်နှစ်သက်တမ်းအတွက်NT$1000၊နှစ်နှစ်အတွက်NT$2000၊သုံးနှစ်အတွက်NT$3000စသဖြင့်ပေးဆောင်ရပါမည်၊) 2.ရပ်နားခွင့်ရက်ပေါင်း၆၀အထက်၊ဗီဇာဌာနမှအခြားတစ်စုံတစ်ရာကန့်သတ်ချက်မှတ်ချက်မပါရှိသောဗီဇာဖြင့်ဝင်ရောက်သူ၁။နိုင်ငံခြားသားနေထိုင်ခွင့်လျှောက်လွှာပုံစံတစ်စုံတွင်ရေးသားဖြည့်စွက်ပြီးလက်ရှိတစ်နှစ်အတွင်းရိုက်ထားသောရှေ့တည့်တည့်ဦးထုပ်မပါကိုယ်တစ်ပိုင်းရောင်စုံဓာတ်ပုံ(၁)ပုံပေးရပါမည်။၂။ပတ်စ်ပို့နှင့်ပြည်ဝင်ခွင့်ဗီဇာမူရင်းနှင့်မိတ္တူကိုပေးဆောင်ရပါမည်။(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးစီးသည့်အခါပြန်လည်ပေးအပ်ပါမည်)၃။လက်ရှိကျန်းမာရေးဆေးစစ်သည့်နေ့မှစ၍သုံးလအတွင်းမှတ်တမ်းတင်ထားသောဆေးစစ်ထောက်ခံစာ(အကယ်၍နိုင်ငံခြား၌ဆေးစစ်မည်ဆိုပါကပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံး၏ထောက်ခံမှုရယူရမည်ဖြစ်ပါသည်)၄။ပြည်တွင်းပြည်ပပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ(အကယ်၍လျှောက်ထားသူသည်ထိုင်ဝမ်နိုင်ငံသို့ပထမဦးဆုံးအကြိမ်လာရောက်သူဖြစ်ပါကထိုင်ဝမ်ပြည်တွင်းအတွက်အဆိုပါထောက်ခံစာပြသရန်မလိုအပ်ပေ)၅။နေထိုင်ခွင့်ဗီဇာလျှောက်ထားခြင်းအတွက်-ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်မှလက်ထပ်မှတ်ပုံတင်မှုကိစ္စလုပ်ဆောင်မှုပြီးမှရယူထားသောအိမ်ထောင်စာရင်း(သို့)အမျိုးသားမှတ်ပုံတင်(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးစီးသည့်အခါပြန်လည်ပေးအပ်ပါမည်)၆။နေရပ်လိပ်စာအထောက်အထား ၇။လျှောက်လွှာခ(နေထိုင်ခွင့်တစ်နှစ်သက်တမ်းအတွက်NT$1000၊နှစ်နှစ်အတွက်NT$2000၊သုံးနှစ်အတွက်NT$3000၊ရပ်နားခွင့်ဗီဇာမှနေထိုင်ခွင့်ဗီဇာသို့ပြောင်းလဲသည့်အပိုကြေး NT$2000ထပ်ဆောင်းပေးဆောင်ရပ်မည်။) *ယာယီနေထိုင်စဉ်ကာလအတွင်းနေထိုင်ရာလိပ်စာအပြောင်းအလဲရှိပါက ပြောင်းရွှေ့ပြီး ၁၅ရက်အတွင်း လိပ်စာအသစ်ပြောင်းလျှောက်ထားရမည်။နိုင်ငံခြားသားအိမ်ထောင်ဖက်သည်ပထမဦးစွာနိုင်ငံခြားသားနေထိုင်ခွင့်ကဒ်လျှောက်ထားလျှင်(သို့)လက်ထပ်ခြင်းကြောင့်မှီခိုအခြေအနေဖြင့်နေထိုင်ခွင့်ပြောင်းလဲလျှင်နိုင်ငံခြားသားအိမ်ထောင်ဖက်နှင့်အတူတကွလာရောက်ပြုလုပ်ရမည်။လျှောက်ထားသူသည်ရပ်နားနေထိုင်ခွင့်သက်တမ်းမပြည့်မှီ(မီ)နိုင်ငံသားနေထိုင်ခွင့်ကဒ်မရရှိသေးပါကပြည်ပသို့ထွက်ခွာရမည်။
နိုင်ငံသားအဖြစ်လျှောက်ထားခြင်း လျှောက်လွှာတင်မည့်ရက်မတိုင်ခင် ထိုင်ဝမ်နိုင်ငံတွင်း၌တရားဝင်ဆက်တိုက်နေထိုင်မှု၃နှစ်နှင့်အထက်ရှိရမည့်အပြင်တစ်နှစ်လျှင်ရက်ပေါင်း(၁၈၃) အထက်နေထိုင်မှုရှိဖူးသူဖြစ်ရမည်။	နေထိုင်သည့်နေရပ်နှင့်သက်ဆိုင်သောအိမ်ထောင်စုမှတ်ပုံတင်စာရင်းဌာနမှသက်ဆိုင်ရာတိုင်းဦးစီးရုံးသို့ပေးပို့ပြီးထိုမှတစ်ဆင့်ပြည်ထဲရေးဌာန၏ခွင့်ပြုချက်ရယူရန်။	1. "ထိုင်ဝမ်နိုင်ငံသားလျှောက်ဆဲမှတ်ပုံတင်"လျှောက်လွှာ(ရုံးသို့နိုင်ငံခြားသားအိမ်ထောင်ဖက်လူကိုယ်တိုင်သွားရောက်ယူထားသောကွန်ပျူတာနှင့်ပုံနှိပ်ထုတ်ထားသောလျှောက်လွှာစာရွက်)နှင့်လတ်တလောနှစ်နှစ်အတွင်းရိုက်ထားသောရှေ့တည့်တည့်ဦးထုပ်မပါရောင်စုံဓါတ်ပုံ(၁)ပုံ(ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်လျှောက်ထားသည့်ဓါတ်ပုံသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။) 2.သက်တမ်းရှိသောတရားဝင်နိုင်ငံခြားသားနေထိုင်ခွင့်မှတ်ပုံတင်(သို့)နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်မှတ်ပုံတင်(နေထိုင်ခွင့်သက်တမ်းမပြည့်မှီရက်၃၀အတွင်းရှေးဦးစွာနေထိုင်ခွင့်သက်တမ်းတိုးခြင်းကိုလျှောက်ထားရမည်) 3. ထိုင်ဝမ်နိုင်ငံသားခံယူမည့်သူ၏ထိုင်ဝမ်နိုင်ငံတွင်းသုံးဘာသာစကားကျွမ်းကျင်မှုရှိမရှိနှင့်နိုင်ငံသားတစ်ဦး၏အခွင့်အရေးနှင့်တာဝန်သိနိုင်ငံသားတစ်ဦးလိုက်နာကျင့်ကြံနေထိုင်ရန်မည့်တာဝန်ဝတ္တရားတို့ကိုသိရှိကြောင်းအထောက်အထားစာရွက်စာတမ်း၃ချက်အနက်၁ချက်ပါရှိရမည်။(၁) ပြည်တွင်းအစိုးရ (သို့) ပုဂ္ဂလိကကျောင်းအသီးသီး၌ ၁နှစ်အထက်သင်ကြားဖူးသောပညာရေးထောက်ခံစာ။(၂) ပြည်တွင်းသက်ဆိုင်ရာဌာနမှဖွင့်လှစ်ထားသောသင်တန်းတွင်တက်ရောက်သင်ကြားချိန်နာရီပေါင်း(သို့)စုစုပေါင်း၇၂နာရီအထက်တက်ရောက်ကြောင်းထောက်ခံစာ။(၃)နိုင်ငံသားပြောင်းလဲမှုဖြင့်ရရှိသောထိုင်ဝမ်နိုင်ငံသားသည်အခြေခံဘာသာစကားနှင့်နိုင်ငံသားတစ်ဦး၏အခွင့်အရေးနှင့်တာဝန်ဝတ္တရားအသိပညာတို့ကို စမ်းသပ်ရာတွင်အမှတ်၆၀အထက်အောင်မြင်ကြောင်းထောက်ခံစာ၊အသက်၆၅နှစ်အထက်သည်၅၀မှတ်နှင့်အောင်မြင်သည်။ 4.ထိုင်ဝမ်နိုင်ငံသားနှင့်လက်ထပ်သောအိမ်ထောင်ဖက်သည်ပြည်တွင်း၌အိမ်ထောင်စုစာရင်းမဝင်ရသေး၊လက်ထပ်မှတ်ပုံတင်လည်းမပြုလုပ်ရသေးသူဆိုလျှင်လက်ထပ်မှတ်ပုံတင်အထောက်အထားစာရွက်စာတမ်းပူးတွဲတင်ပြရမည်။(ထိုအထောက်အထားသည်ပြည်ပမှဖြစ်လျှင်ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံး၏အစစ်ဆေးခံရမည်။တရုတ်ဘာသာမဟုတ်သောစာရွက်စာတမ်းများကိုပြည်ပရှိထိုင်ဝမ်နိုင်ငံရုံး(သို့)ပြည်တွင်းရှိသက်သေ၏ အစစ်ဆေးခံပြီးတရုတ်လိုဘာသာပြန်ထားသောထောက်ခံစာ)ထိုင်ဝမ်နိုင်ငံသားနှင့်နိုင်ငံခြားသားအိမ်ထောင်ဖက်နှစ်ဦးစလုံး၏အမျိုးသားမှတ်ပုံတင်၊ထိုင်ဝမ်နိုင်ငံအတွင်း၌လက်ထပ်ပါကနိုင်ငံခြားသားအိမ်ထောင်ဖက်၏ပြည်ပရှိထိုင်ဝမ်နိုင်ငံရုံး၏အစစ်ဆေးခံပြီးအိမ်ထောင်ရေးအခြေအနေပြတရုတ်လိုဘာသာပြန်ထောက်ခံစာ။ 5. လျှောက်လွှာခ NT$1200.(ကျသင့်ငွေကိုစာတိုက်မှတဆင့်လက်ခံသူ=ပြည်ထဲရေးဌာန "內政部 內政部 內政部 "နာမည်ဖြင့်ငွေလွှဲပေးပါရန်) *အထက်ဖော်ပြပါအမှတ်စဉ်၃၊နိုင်ငံသားဆိုင်ရာအိမ်ထောင်ရေးဆိုင်ရာသတင်းဌာနတွင်ထောက်ခံစာရင်းတင်သွင်းသူဖြစ်ပါကပေးရန်မလိုအပ်ပါ။ *လျှောက်ထားသူ၏ နေထိုင်ခွင့်မှတ်တမ်း၊ နိုင်ငံအဝင်/အထွက်မှတ်တမ်း၊ ပြစ်မှုကင်းရှင်းကြောင်းဆိုင်ရာမှတ်တမ်းနှင့်ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်၏လက်ထပ်မှတ်ပုံတင်ပြီးသားအိမ်ထောင်စုစာရင်းတို့ကိုအိမ်ထောင်စုစာရင်းရုံးမှသက်ဆိုင်ရာအရာရှိမှစစ်ဆေးပါမည်။
ထိုင်ဝမ်နိုင်ငံတွင် နေထိုင်ခွင့်လျှောက်ထားခြင်း	ပြည်ထဲရေးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တိုင်းနှင့်ခရိုင်အကျိုးဆောင်ရုံးခွဲအသီးသီး	1. ထိုင်ဝမ်နိုင်ငံတွင်နေထိုင်ခွင့်လျှောက်ထားခြင်းအတွက် လျှောက်လွှာတစ်စုံ၊ ရှေ့တည့်တည့်ဦးထုပ်မပါရောင်စုံဓါတ်ပုံ(၁)ပုံကပ်ပေးရပါမည်။ (ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်လျှောက်ထားသည့် ဓါတ်ပုံသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။) 2. ထိုင်ဝမ်နိုင်ငံသားအဖြစ်လျှောက်ဆဲထောက်ခံစာမူရင်းနှင့်မိတ္တူ (မူရင်းကို စစ်ဆေးမှု ပြုလုပ်ပြီးစီးသည့်အခါ ပြန်လည်ပေးအပ်ပါမည်။) 3. နိုင်ငံခြားသားနေထိုင်ခွင့်မှတ်ပုံတင်မူရင်းနှင့်မိတ္တူ (မူရင်းကို စစ်ဆေးမှုပြုလုပ်ပြီးစီးသည့်အခါ ပြန်လည်ပေးအပ်ပါမည်။) 4. လက်ထပ်မှတ်ပုံတင်မှုကိစ္စလုပ်ဆောင်မှုအပြီးရယူထားသော အိမ်ထောင်စုစာရင်း(သို့)အမျိုးသားမှတ်ပုံတင်(မူရင်းကိုစစ်ဆေးမှုပြီးစီးစသည့်အခါ ပြန်လည်ပေးအပ်ပါမည်။) 5. လျှောက်လွှာခ NT$1000
မူလနိုင်ငံသားအဖြစ်မှစွန့်လွှတ်ကြောင်း လျှောက်ထားခြင်း	မူလနိုင်ငံမှအစိုးရဌာန(သို့) ထိုင်ဝမ်တွင်ရုံးဆိုက်သော နိုင်ငံခြားသံရုံးနှင့်ဆက်သွယ်ရန်	*မူလနိုင်ငံသားအဖြစ်မှစွန့်လွှတ်ရန်လျှောက်ထားမှုကိစ္စကို မူလနိုင်ငံမှအစိုးရဌာန (သို့) နိုင်ငံရပ်ခြားတွင်ရုံးစိုက်သောထိုင်ဝမ်သံရုံးနှင့်ဆက်သွယ်ရန် *နိုင်ငံရပ်ခြားတွင်ရုံးစိုက်သောထိုင်ဝမ်သံရုံး (သို့) အာဏာရအဖွဲ့အစည်းမှထုတ်ပေးသော နဂိုမူလနိုင်ငံသားအဖြစ်မှစွန့်လွှတ်ကြောင်းစာရွက်စာတမ်းသည် နိုင်ငံခြားရေးရာရုံး၏ စစ်ဆေးမှုထပ်မံခံယူရမည်။ ပြည်ပတွင်လျှောက်ထားပါက(ပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံးတွင် တရုတ်ဘာသာပြန်ထားသောစာရွက်စာတမ်းများကိုလည်း အတူတကွ စစ်ဆေးမှုခံပြီးနောက်နိုင်ငံခြားရေးဌာန၏ ထပ်မံစစ်ဆေးမှုကိုခံရမည်။ အဆိုပါတရုတ်ဘာသာပြန်ထားသော စာရွက်စာတမ်းများကိုလည်း အတူတကွ ထိုနည်းအတူထပ်ဆင့်စစ်ဆေးခြင်း (သို့) နိုင်ငံတွင်းရှိသက်သေထွက်ဆိုသူ၏ထောက်ခံရရှိထားမှုဖြစ်ရမည်။(နိုင်ငံသားအက်ဥပဒေ ၁၇ အရ) စစ်ဆေးမှုခံယူပုံအသေးစိတ်ကိုနိုင်ငံခြားရေးရာရုံးနှင့်သက်ဆိုင်သောရုံးခွဲအသီးသီးသို့စုံစမ်းမေးမြန်းနိုင်ပါသည်။ *နိုင်ငံသားပြောင်းလဲခွင့်ရသည့်နေ့ရက်မှစ၍တစ်နှစ်အတွင်းမူလနိုင်ငံသားစွန့်လွှတ်ကြောင်းထောက်ခံလွှာကိုပြည်ထဲရေးဌာနသို့ပို့ဆောင်စစ်ဆေးခံယူရမည်။အကယ်၍ဖော်ပြပါသက်တမ်းအတွင်းနိုင်ငံသားစွန့်လွှတ်ကြောင်းထောက်ခံစာမတင်ပြနိုင်ပါက၊သက်တမ်းမတိုင်ခင်ရက်၃၀အတွင်းမူလနိုင်ငံ၌တင်လျှောက်ထားသောနိုင်ငံသားစွန့်လွှတ်ခြင်းဆိုင်ရာစာရွက်စာတမ်းများကိုသက်တမ်းတိုးပြုလုပ်ထားရမည်၊နိုင်ငံခြားရေးဝန်ကြီးဌာနမှစစ်ဆေးရာတွင်မူလနိုင်ငံတော်၏တရားဥပဒေကြောင့်(သို့)ရုံးဌာန၏ကန့်သတ်ချက်မှုကြောင့်ဖြစ်ပါက၊သဘောတူသက်တမ်းတိုးပေးမည်ဖြစ်ပါသည်။သက်တမ်းတိုးပေးထားသည့်အချိန်အတွင်းမူလနိုင်ငံသားစွန့်လွှတ်ကြောင်းထောက်ခံလွှာဆက်လက်မတင်ပြနိုင်သူအား ပြည်ထဲရေးဌာနမှနိုင်ငံသားပြောင်းလဲခွင့်ကိုပယ်ချမည်ဖြစ်သည်။မူလနိုင်ငံသားစွန့်လွှတ်ကြောင်းထောက်ခံလွှာမတင်ပြနိုင်မီအချိန်တွင်း အခြေချနေထိုင်ခွင့်မရှိပေ။
မူလနိုင်ငံသားအဖြစ်မှ စွန့်လွှတ်ပြီးကြောင်း စာရွက်စာတမ်းမရရှိခြင်း	နေထိုင်သည့်နေရပ်နှင့်သက်ဆိုင်သော အိမ်ထောင်စုမှတ်ပုံတင်စာရင်းဌာနမှ သက်ဆိုင်ရာတိုင်းဦးစီးရုံးသို့ပေးပို့ပြီးထိုမှတစ်ဆင့် ပြည်ထဲရေးဌာနထံသက်တမ်းတိုးခြင်း။	1.သက်တမ်းတိုးခွင့်လျှောက်လွှာစာ 2. မူလနိုင်ငံ၌တင်လျှောက်ပြီးသောနိုင်ငံသားစွန့်လွှတ်ခြင်းဆိုင်ရာစာရွက်စာတမ်းများ။မူလနိုင်ငံ၌တင်လျှောက်ထားသောနိုင်ငံသားစွန့်လွှတ်ခြင်းဆိုင်ရာစာရွက်စာတမ်းများဖြည့်စည်းထားသည့်လျှောက်လွှာမိတ္တူ၊မူလနိုင်ငံအစိုးရ၏လက်ခံရရှိကြောင်းစာရွက်စာတမ်း(သို့)ဖြတ်ပိုင်းများကိုနိုင်ငံရပ်ခြားတွင်ရုံးစိုက်သောထိုင်ဝမ်သံရုံး(သို့)အာဏာရအဖွဲ့အစည်းထံတင်ပြပြီးနိုင်ငံခြားရေးရာရုံး၏စစ်ဆေးမှုထပ်မံခံယူရမည်။ပြည်ပတွင်လျှောက်ထားပါကပြည်ပရှိထိုင်ဝမ်နိုင်ငံဆိုင်ရာရုံးတွင်တရုတ်ဘာသာပြန်ထားသောစာရွက်စာတမ်းများကိုလည်းအတူတကွစစ်ဆေးမှုခံပြီးနောက်နိုင်ငံခြားရေးဌာန၏ ထပ်မံစစ်ဆေးမှုကိုခံရမည်။ အဆိုပါတရုတ်ဘာသာပြန်ထားသောစာရွက်စာတမ်းများကိုလည်းအတူတကွထိုနည်းအတူထပ်ဆင့်စစ်ဆေးခြင်း(သို့)နိုင်ငံအတွင်းရှိသက်သေထွက်ဆိုသူ၏ထောက်ခံရရှိထားမှုဖြစ်ရမည်။
မူလနိုင်ငံသားအဖြစ်မှ စွန့်လွှတ်ပြီးကြောင်း စာရွက်စာတမ်းမရရှိခြင်း	နေထိုင်သည့်နေရပ်နှင့်သက်ဆိုင်သော အိမ်ထောင်စုမှတ်ပုံတင်စာရင်းဌာနမှ သက်ဆိုင်ရာတိုင်းဦးစီးရုံးသို့ပေးပို့ပြီးထိုမှတစ်ဆင့် ပြည်ထဲရေးဌာန၏ခွင့်ပြုချက်ရယူရန်။	1.ထိုင်ဝမ်နိုင်ငံတွင်နေထိုင်ခွင့်ကဒ်(စစ်ဆေးမှုပြုလုပ်ပြီးစီးသည့်အခါပြန်လည်ပေးအပ်ပါမည်။) 2.နဂိုမူလနိုင်ငံသားအဖြစ်မှစွန့်လွှတ်ပြီးကြောင်းစာရွက်စာတမ်း(နိုင်ငံခြားတွင်ရုံးစိုက်သောထိုင်ဝမ်သံရုံး(သို့)အာဏာရအဖွဲ့အစည်းထံတင်ပြပြီးသောမူလနိုင်ငံသားစွန့်လွှတ်ကြောင်းထောက်ခံလွှာကိုနိုင်ငံခြားရေးရာရုံး၏စစ်ဆေးမှုထပ်မံခံယူရမည်။ပြည်ပတွင်လျှောက်ထားပါကထိုင်ဝမ်နိုင်ငံဆိုင်ရာရုံးတွင်တရုတ်ဘာသာပြန်ထားသောစာရွက်စာတမ်းများကိုလည်းအတူတကွစစ်ဆေးမှုခံယူပြီးနောက်နိုင်ငံခြားရေးဌာန၏ထပ်မံစစ်ဆေးမှုကိုခံရမည်။ အဆိုပါတရုတ်ဘာသာပြန်ထားသောစာရွက်စာတမ်းများကိုလည်းအတူတကွထိုနည်းအတူထပ်ဆင့်စစ်ဆေးခြင်း(သို့)နိုင်ငံတွင်းရှိသက်သေထွက်ဆိုသူ၏သက်သေထွက်ဆိုသူ၏ထောက်ခံရရှိမှုဖြစ်ရမည်။
ထိုင်ဝမ်နိုင်ငံတွင်အခြေချနေထိုင်ခွင့်လျှောက်ထားခြင်း(ထိုင်ဝမ်နိုင်ငံတွင်နေထိုင်ခွင့်လျှောက်ထားပြီးနောက်၊ နေထိုင်ခွင့်ရသည့်ရက်မှစ၍တစ်နှစ်တိတိဆက်တိုက်နေထိုင်ခြင်း(သို့)တစ်နှစ်လျှင်ရက်ပေါင်း(၂၇၀)အထက်ဖြင့်၂နှစ်ဆက်တိုက်နေထိုင်ခြင်း(သို့)တစ်နှစ်လျှင်ရက်ပေါင်း၁၈၃ အထက်ဖြင့်နေထိုင်မှု၅နှစ်ရှိဖူးသူမှသာလျှင်လျှောက်ထားနိုင်ပါသည်။)	ပြည်ထဲရေးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တိုင်းနှင့်ခရိုင်အကျိုးဆောင်ရုံးခွဲအသီးသီး	1.အမြဲတမ်းနေထိုင်ခွင့်လျှောက်လွှာတစ်စုံ၊ရှေ့တည့်တည့်ဦးထုပ်မပါကိုယ်တစ်ပိုင်းရောင်စုံဓာတ်ပုံ(၁)ပုံကပ်ပေးရပါမည်။(ထိုင်ဝမ်နိုင်ငံတွင်အမျိုးသားမှတ်ပုံတင်လျှောက်ထားသည့်ဓာတ်ပုံသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။) 2.ထိုင်ဝမ်နိုင်ငံနေထိုင်ခွင့်မှတ်ပုံတင် 3.ထိုင်ဝမ်နိုင်ငံသားအိမ်ထောင်ဖက်၏အိမ်ထောင်စုစာရင်း(သို့)အမျိုးသားမှတ်ပုံတင်မူရင်းနှင့်မိတ္တူ(မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးစီးသည့်အခါပြန်လည်ပေးအပ်ပါမည်) (အကယ်၍လင်မယားကွာရှင်းပြတ်စဲပြီးသူဖြစ်ပါကပြသရန်မလိုအပ်ပါ။) 4.လတ်တလောသုံးလအတွင်းကျန်းမာရေးဆေးစစ်မှုအောင်မြင်ကြောင်းထောက်ခံစာ(နိုင်ငံတော်ကျန်းမာရေးဌာနကသတ်မှတ်ထားသောဆေးရုံတွင်ဆေးစစ်မှုခံယူရမည်. ထို့အပြင်ကျန်းမာရေးဆေးစစ်ရန်ဇယားတွင်ပါရှိသော စာရင်းများအတိုင်းဆေးစစ်မှုခံယူရမည်။) 5.အခြားသောစာရွက်စာတမ်းဥပမာ-အကယ်၍လျှောက်ထားသူသည်ထိုင်ဝမ်အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်သူနှင့်ကွာရှင်းပြတ်စဲသည်ရှိသော်အိမ်ထောင်စုစာရင်းရုံးသို့အိမ်ထောင်စုစာရင်းထဲ၌ဖော်ပြပါရှိသောနေရပ်၏အခွန်ဆောင်စာရွက်စာတမ်း(သို့)အိမ်အငှားစာချုပ်မူရင်းတစ်စုံနှင့်မိတ္တူတစ်စုံပေးရမည်။((မူရင်းကိုစစ်ဆေးမှုပြုလုပ်ပြီးစီးသည့်အခါပြန်လည်ပေးအပ်ပါမည်) 6.ပြန်လည်ပေးပို့ရမည့်လိပ်စာ၊လူနာအမည်အပြည့်အစုံရေးသားပြီး Registered စာအိတ်ပါပေးရန်။ 7.လျှောက်လွှာခ NT$600
အိမ်ထောင်စုစာရင်းဝင်ခြင်းနှင့် ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင် ထုတ်ယူခြင်း	နေထိုင်သည့်နေရပ်နှင့်သက်ဆိုင်သော အိမ်ထောင်စုမှတ်ပုံတင်စာရင်းဌာန	1.လျှောက်ထားသူထံသို့အမြဲတမ်းနေထိုင်ရေးလျှောက်ထားရန်အတွက်ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိလူဝင်မှုကြီးကြပ်ရေးရုံးမှ အကြောင်းအကြားရပါမည်။ 2.အိမ်ထောင်စုစာရင်း(အိမ်ထောင်စုစာရင်းထဲ၌နာမည်တစ်ဦးထဲသာပါရှိလျှင်အိမ်ထောင်စုစာရင်းပြသရန်မလိုအပ်ပေ၊သို့သော်တစ်ဦးတည်းနာမည်ပေါက်အိမ်ပိုင်ဆိုင်မှုသက်သေအထောက်အထားပြသနိုင်ရပါမည်။) 3.လတ်တလောနှစ်နှစ်အတွင်းရိုက်ထားသောရှေ့တည့်တည့်ဦးထုပ်မပါကိုယ်တစ်ပိုင်းရောင်စုံဓာတ်ပုံ(၁)ပုံ(ထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်လျှောက်ထားသည့်ဓာတ်ပုံသတ်မှတ်ချက်အတိုင်းဖြစ်ပါသည်။ Website: http://www.ris.gov.tw/တွင်ဖတ်ရှုရန်) 4.ပထမအကြိမ်အိမ်ထောင်စုစာရင်းမှတ်ပုံတင်ခြင်းအတွက် NT$30နှင့်ပထမအကြိမ်အမျိုးသားမှတ်ပုံတင်ခြင်းအတွက် NT%50 *လျှောက်ထားသူသည်အိမ်ထောင်စုမှတ်ပုံတင်ရုံး၌အိမ်ထောင်စုစာရင်းထဲအမည်စာရင်းတင်သွင်းပြီးစီးပါကထိုင်ဝမ်နိုင်ငံအမျိုးသားမှတ်ပုံတင်ထုတ်ယူရန်အတွက် ဆက်လက်လျှောက်ထားနိုင်ပါပြီ။ လိုအပ်ချက်အသေးစိတ်ကိုလက်ရှိနေထိုင်သောသက်ဆိုင်ရာမြို့နယ်အိမ်ထောင်စုမှတ်ပုံတင်စာရင်းဌာနသို့စုံစမ်းမေးမြန်းနိုင်ပါသည်။